
စိတ်တွေးမြှီးမြှီးအနုပညာ

# မန်နေဂျာလို တွေးပါ မန်နေဂျာလို မလုပ်ပါနဲ့

မျိုးမင်းရန်အောင်

မြန်မာပြန်




# အမှာ

တော်တော်လေး ထူးခြားတဲ့ နာမည်နဲ့ စာအုပ်ဖြစ်ပါတယ်။ မူရင်းစာအုပ်ရေးသူက ဟာရီစတားရင်း (၁၉၅၅ ဖွား) ဖြစ်ပြီး Federation of Dutch Creative Industries ရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ De Nederlandse ရဲ့ ဦးဆောင်ညွှန်ကြားရေးမှူးလည်း ဖြစ်ပါတယ်။Ithaca International ရဲ့ ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်လည်း ယူထားပါတယ်။

အမ်စတာဒမ်(နယ်သာလန်) နဲ့ နိစ်(ပြင်သစ်)တို့ မှာ တစ်လှည့်စီ နေထိုင်ပါတယ်။

ဒီစာအုပ်မှာ ဟာရီစတားရင်းက သမားရိုးကျ မဟုတ်ဘဲ ကွဲပြားခြားနားတဲ့ မြင်ထောင့် ရှုထောင့်များကနေ စဉ်းစားဖွယ်အချက် ၇၅ ခု တင်ပြထားပါတယ်။ ၂၁ ရာစုနဲ့ အညီ ဖတ်ရှုခံစားကြည့်ကြရင်း ဟာရီနဲ့ မတူတဲ့ နောက်ထပ် မြင်ထောင့် ရှုထောင့်များကနေ မြင်ကြည့်၊ ကြည့်ကြည့်ကြဖို့ တိုက်တွန်းလိုက်ပါရစေ။

***



# အစွန်းမရောက် အလွန်အကျွံမဖြစ်တဲ့ ဆန်းသစ်တီထွင်ခြင်း

လုံးဝ အသစ်၊ အသစ်ဖြစ်တဲ့ အရာကနေ ချက်ချင်းအောင်မြင်မှုရထ "ပေါက်" ဖို့ ဆိုတာ ဒီနေ့ ခေတ်ကာလ ၂၁ ရာစုမှာ အရင့်အရင် ခေတ်ကာလတွေကထက် ပိုခက်သွားပြီ။ 'လမ်းရိုးဟောင်းတွေ ဆင့်ကာထွင်" ဆိုသလို ရှိပြီးသား၊ မြဲပြီးသားကနေ "ထ"ပေါက်အောင်သာ ကွန့်ယူရမှာပါ။

လုံးဝ "အသစ်" ဖန်တီး၊ လုံးဝ "အသစ်" ပြုလုပ်ကြဆိုတာ အဲဒီအရာကနေ ထအောင်မြင်ဖို့ ဆိုတာ ခက်ခဲလှပါတယ်။


ဒီနေရာမှာ အခြားလုပ်ငန်း ကုမ္ပဏီတွေနဲ့ နှိုင်းစာလိုက်ရင် သရေစာ မုန့် ကုမ္ပဏီကြီးတွေက ရှိပြီး၊ ပေါက်ပြီးသားပေါ်မှာ ထပ်ဆင့်ပြီး ကောင်းအောင်၊ ထပ်ဆင့်ပြီး ဆွဲဆောင်မှုရှိအောင် ထွင်တတ်ကြပါတယ် ။ ဒါကို အတုယူရမှာ ပါ။ ထပ်ဆင့်ပြီး ထွင်ခြင်းအားဖြင့် သူတို့ မုန့်တွေ ပိုပေါက်တာ မြင်ကြရပါတယ်။

အဆာသွတ်မုန့်ကို ဆမ်းစားရတဲ့ အဝါရောင် အချိုရည်ပျစ် (Cus-tard) နဲ့ ပတ်သက်ပြီး ဆိုင်ရာ ကုမ္ပဏီကြီးတွေက ကြော်ငြာပုံကိုကြည့်ပါ။

ကတ်စတတ် (Custard) က ကတ်စတတ်ပါပဲ။ ဒါပေမဲ့ ဒီကတ်စတတ်က ဓာတုဗေဒ မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ မသုံးဘဲ သဘာဝမြေဩဇာနဲ့ ထုတ်လုပ်ပါတယ်။ ဒါမှ မဟုတ် "ချောကလက်လေး စွက်ထားတဲ့ ကတ်စတတ်ပါဗျို့" ဒါမှ မဟုတ် ဆီးချိုသမားတွေ၊ ဆီးချိုကြောက်သူတွေအတွက် သကြားမပါတဲ့ ကတ်စတတ်ပါဗျ" စသည် ဖြင့် ကြော်ငြာ

ရာက အဲဒီအစားအစာတွေ "ပေါက်" ကုန်တာပါ။

***


JVC


# သုံးစွဲသူဟာ သင့်ရဲ့ လမ်းညွှန်သူဖြစ်တယ်

ဆိုရိုးစကားတွေ ရှိပါတယ်။ "သုံးစွဲသူဟာ အမြဲတမ်း မှန်တယ်"တို့ ၊ "စားသုံးသူသာ ရှိရင် ဘုရင်"တို့ စတဲ့ စကားတွေပါ။ အခု အဲဒီဆိုရိုးစကားတွေကို "ခေါက်"ပစ်လိုက်ပါ။ အခုနောက်ဆုံးပေါ် ထွက်လာတဲ့ ဆိုရိုးစကားကတော့ "သုံးစွဲသူဟာ သင့်ရဲ့ လမ်းညွှန်သူ ဖြစ်တယ်" ဆိုတဲ့ ဆိုရိုးစကားပါပဲ။

ခေတ်အမီဆုံး တပ်ဆင်လိုက်တဲ့ ဆော့ဖ်ဝဲလ်နဲ့ ပတ်သက်ပြီး စူးစမ်း ဆင်ခြင်ကြည့်ပါ။ ဆော့ဖ်ဝဲလ် အသစ်မှာ ပါတဲ့ အသုံးဝင်မှုတွေ၊ အစီအစဉ်တွေဟာ ကွန်ပျူတာ ဒီဇိုင်နာတွေ တီထွင်ထားတာ မဟုတ်ဘဲ သုံးစွဲသူများ ရဲ့ အကြံပြုမှုကို မူတည်ကာ တိုးတက်ပြောင်းလဲမှု လုပ်ထားတာများ ချည်းပါပဲ။ မူလတီထွင်ပြုလုပ်သူ စဉ်းစားစိတ်ကူး မိထားသမျှထက် တောင် ပိုမိုကာ ဆော့ဖ်ဝဲလ်အသစ်က အစွမ်းပြနေခြင်းဟာ သုံးစွဲသူရဲ့ အကြံဉာဏ်ကြောင့် ဖြစ်ပါတယ်။

တစ်ခါတစ်ရံမှာ သင့်ထုတ်ကုန်ရဲ့ အမှန်တကယ် စွမ်းပကားကို ဖော်ထုတ်ဖို့ သင့်ကုန်ပစ္စည်းသုံးစွဲသူရဲ့ အကြံဉာဏ်နဲ့ စိတ်ကူးဆင်ခြင်မှု လိုအပ်ပါတယ်။

***



# မမျှော်လင့်တဲ့ ရှာဖွေတွေ့ရှိမှု

စာပေလောကမှာ တော့ ဒါမျိုးကို "မှတ်ဆိတ်ပျားစွဲတယ်"လို့ ဆိုကြပါတယ်။ မရည်ရွယ်၊ မမျှော်လင့်ဘဲ ရှာဖွေတွေ့ရှိတာပါ။

ပစ္စည်းဟောင်းတွေ၊ အသုံးပြုပြီးသား ပစ္စည်းတွေရောင်းတဲ့ လဟာပြင်ဈေးတန်းကို တာဝယ်မယ်ရယ်လို့ ရည်ရွယ်ချက်မရှိဘဲ သင်ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိတယ် ဆိုပါစို့။ အဲဒီလို ဟိုဒီလျှောက်ကြည့်ရင်းနဲ့ ဖြုန်းခနဲ သင်သိပ်လိုချင်နေတဲ့ ပစ္စည်းတစ်ခုကို သွားတွေ့တာမျိုး ရှိတတ်ပါတယ်။

သိပ္ပံနဲ့ နည်းပညာကဏ္ဍမှာ တော့ အဲဒီလို အမှတ်မထင် ဖြုန်းခနဲ တွေ့လိုက်တာမျိုးဟာ ရိုးတောင်ရိုးနေပါပြီ။ ပင်နီဆီလင်ကို တီထွင်ခဲ့တဲ့ အလက်ဇန်းဒါး ဖလင်းမင်းဟာ အဲဒီလိုပုံစံမျိုးနဲ့ အင်မတန် အဖိုးတန်တဲ့ ဆေးကို တွေ့ရှိခဲ့တာပါ။

တစ်နေ့မှာ ဖလင်းမင်းဟာ သူ့ ခွဲစိတ်ခန်းကို သန့်ရှင်းရေး လုပ်နေပါတယ်။ သိပ္ပံပညာရှင်တွေနဲ့ ဓာတ်ခွဲခန်းဆိုတာက တစ်ခါတလေ ဟိုပစ္စည်းက ဒီရောက်၊ ဒီပစ္စည်းက ဟိုရောက်နဲ့ ဆိုတော့ ပစ္စည်းတွေ နေသားတကျရှိအောင် သပ်သပ်ရပ်ရပ် စီနေတာပါ။ အဲဒီမှာ ဓာတ်ခွဲခန်းသုံးတဲ့ ပုံစံခွက် (မို) တစ်ခုကို သူ သွားတွေ့ပါတယ်။ ဘယ်မှာ သွားတွေ့တာလဲ ဆိုတော့ Staphylococcus ဗက်တီးရီးယားတွေ မွေးမြူထားတဲ့ စလောင်းပုံ ခွက်တစ်ခု ပေါ်မှာ ပါ။ ဒါနဲ့ အဲဒီမိုကို သူသေချာ ကြည့်လိုက်တော့

ဗက်တီးရီးယားတွေ မရှိတဲ့ နေရာတစ်ခုကို သွားတွေ့ပါတယ်။ အဲဒီက နေ ဖလင်းမင်းတစ်ယောက် ပင်နီဆီလင်ကို တီထွင်နိုင်ခဲ့တာပါ။ တစ်ခါ တလေ ကိုယ်ကဘာကိုမှ ရည်ရွယ်ပြီး ရှာတာမဟုတ်ပေမဲ့ အဖိုးတန်တာ တစ်ခုခု သွားတွေ့တတ်ပါတယ်။

***

## ဖြားယောင်းမှုများ ရဲ့ ဖမ်းစား မခံရပါစေနဲ့

ဘဝမှာ ဖြားယောင်းမှု ခပ်သေးသေးများ ရဲ့ ဖမ်းစားခြင်းကိုတောင် လွတ်အောင် မရုန်းနိုင်သူများ ဟာ ကြီးမားတဲ့ အောင်မြင်မှုကို မရနိုင်ပါ ။

ဖြားယောင်းမှု ခပ်ကြီးကြီးများ ရဲ့ ဖမ်းစားခြင်းကို လွတ်အောင် မရုန်းနိုင်သူ များကတော့ အဆုံးမှာ အရာရာကို လက်လွှတ်ဆုံးရှုံး ရပါလိမ့်မယ်။

***



# ရည်မှန်းချက်ထားပါ

လုပ်ကြံခံရလို့ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီဟာ သူ မကွယ်လွန်မီ အင်မတန် ကျော်ကြားတဲ့ မိန့်ခွန်းတစ်ရပ်ကို ကွန်ဂရက်မှာ ပြောကြားခဲ့ပါတယ်။


အဲဒီမိန့်ခွန်းထဲမှာ "ဒီဆယ်စုနှစ် မကုန်မီမှာ ကျွန်တော်တို့ တိုင်းပြည်ဟာ (မိမိတို့လိုချင်တဲ့ ရည်မှန်းချက် ပန်းတိုင်ရောက်ဖို့ အဓိဋ္ဌာန်ချ ကြိုးစားကြမယ်လို့ ကျွန်တော် ယုံကြည်တယ်။ (အဲဒီရည်မှန်းချက် ပန်းတိုင်ကတော့ ဒီဆယ်စုနှစ် မကုန်မီမှာ ) လပေါ်ကို ခြေချနိုင်ဖို့ ပဲ" လို့ ပါရှိခဲ့ပါတယ်။ ဒါပေမဲ့ သူ့မိန့် ခွန်းဝါကျက အဲဒီမှာ တင် မပြီးဆုံးသေးပါဘူး။ နောက်ထပ် ဆက်ပြီး ပြောကြားသွားတာ ရှိပါသေးတယ်။ အဲဒီအဆက်ကတော့

"ကျွန်တော်တို့ လပေါ်ကို အရောက်ပို့လိုက်တဲ့ လူကို ဒီကမ္ဘာမြေကြီးထံ ဘေးမသီ ရန်မခနဲ့ ပြန်ခေါ်ယူနိုင်ရပါမယ်" လို့ ပဲဖြစ်ပါတယ်။ တောင်တက်သမားတွေအားလုံး အဲဒီခံယူချက် သဘောထားကို အသိအမှတ်ပြု လက်ခံထားကြပါတယ်။ သူတို့ ရဲ့ ရည်မှန်းချက် ပန်းတိုင်ဟာ တောင်ထိပ် မဟုတ်ပါဘူး။ တောင်ထိပ်ကနေ အောက်ကို တစ်စုံတစ်ရာ ဒဏ်ရာမရဘဲ ပြန်ရောက်ဖို့ ကသာ တကယ့်စိန်ခေါ်မှု ဖြစ်ပါတယ်။ ။

မန်နေဂျာကောင်း တစ်ယောက်အနေနဲ့ တောင်တက်သမားတွေလို ပြုမူကျင့်ကြံရမှာ ပါ။ တောင်ထိပ်ကိုရောက်ဖို့ ရည်စူးကြိုးပမ်းသလို တောင်ထိပ်ကနေ အောက်ကိုပြန်အဆင်းမှာ တစ်စုံတစ်ရာ ပြဿနာမရှိ

ဘဲ မကျိုးမကန်း ပြန်ရောက်ဖို့ အာရုံသွင်းထားရပါမယ်။ အလေးဂရု ပြု ရပါမယ်။

***



# ယဉ်ပါးနေတဲ့ ကျားက ကြောင်တစ်ကောင် မဟုတ်ပါ

တိရစ္ဆာန်ရုံထဲမှာ ရှိတဲ့ ခြင်္သေ့လှောင်အိမ်မှာ သိုးငယ်တစ်ကောင်နဲ့ ခြင်္သေ့ကြီး ထီးထီးတည်း အတူတူရပ်နေတာ တွေ့ရတော့ အံ့အားသင့်နေတဲ့ ဧည့်သည် က ခြင်္သေ့ရုံစောင့်ပုဂ္ဂိုလ်ကို အထူးအဆန်းဖြစ်ပြီး မေးလိုက်ပါတယ်။

ဧည့်သည် ----- ဘယ့်နှယ်ဆရာကြီး ... သိုးငယ်နဲ့ ခြင်္သေ့ အတူတူတွဲပြီးနေအောင် ခင်ဗျား ဘယ်လိုများ ခြင်္သေ့ကြီးကို သင်ထားပါသလဲ။

ရုံစောင့် ----- ဘယ်လိုမှ သင်မထားပါဘူး။ အဲဒီခြင်္သေ့က တစ်နေ့ကို သိုးသုံးကောင် စားပါတယ်။ အခုတွေ့ရတာ တတိယမြောက် သိုးငယ်ပါ။

သဘာဝအရ ရန်သူဖြစ်နေတာကို ပြေရာပြေကြောင်း ဖြေဖို့၊ ချေးသိပ်ဖို့ ဘယ်တော့မှ မဖြစ်နိုင်ပါ။ ဒါကြောင့် (ရန်သူကို) အနိုင်ယူဖို့ ကြိုးစားရင် ကြိုးစား၊ ဒါမှ မဟုတ် (ရန်သူနဲ့ ) ဝေးရာကိုသာ ပြေးပါလေ။

***